# အစည်းအဝေးမှတ်တမ်းများ

## အိမ်နေရာထိုင်ခင်းထိန်းသိမ်းရေး အကြံပေးကော်မတီအစည်းအဝေး

**ချိစ်-ကာလပ် အဆောက်အဦး**

**နိုဝင်ဘာ ၁၆ ရက်၊ ၂၀၁၂ ခုနှစ်**

**နံနက် ၇း၃၀ နာရီ**

မစ်စတာဒဲယီးရက်စ်ဒီဇွန် (Mr. Darius Dixon) မှ အစည်းအဝေးတက်ရောက်လာသူအားလုံးအား ကြိုဆိုကာ ဒိုနယ်ရိုက် (Donald Wright) ကို ကြိုဆိုနှုတ်ဆက်ပြီး အစည်းအဝေး တက်ရောက်လာ သည့်အတွက် ကျေးဇူးတင်ကြောင်း ပြောကြားပါသည်။

တက်ရောက်လာကြသည့် အကြံပေးကော်မတီဝင်များမှာ - ကျော်အောင် (Kyaw Aung)၊ ဆေဗီးယား ဘလန်း (Sylvia Bland)၊ ဒေးဗစ်ဖရဲလေး (David Fraley)၊ ဂျော့ဂျိမ်း(စ်) (George James)၊ အန်ဂျလာဝေါမက် (Angela Womack)၊ ဂျွန်တဘလျူဝီလျံ (John W. Williams) နှင့် ဒိုနယ်ရိုက် (Donald Wright) တို့ဖြစ်ကြသည်။ မတက်ရောက်နိုင်သည့် ကော်မတီ အဖွဲ့ဝင်များမှာ ဗာဂျီးနီးယား ဘေလစ်ပ် (Virginia Baillif)၊ ရှောင်းကယ်လ်ဝဲလ် (Shawn Caldwell)၊ စောလောလမူး (Saw Lawla Moo) နှင့် ဂျူနီတာဝီလျံ (Juanita Williams) တို့ဖြစ်ကြသည်။ ဒဲယီးရက်စ်ဒီဇွန် (Darius Dixon) နှင့် စယ်လ်တီခရစ်(စ)တီ (Celeste Christy) တို့လည်းတက်ရောက်ခဲ့ကြသည်။

မစ်စတာဒီဇွန် (Mr. Dixon) မှ ကော်မတီဝင်များကို လိုအပ်သည့် ပြောင်းလဲမှုများ သို့မဟုတ် ပြင်ဆင် ရန်များကို ဆွေးနွေးရန်အတွက် ပြီးခဲ့သည့် (နိုဝင်ဘာ ၈ ရက်၊ ၂၀၁၂) အစည်းအဝေးမှ အစည်းအဝေး မှတ်တမ်းများကို ပြန်လည်ဆန်းစစ်ရန် ဝေမျှခဲ့သည်။ မစ်စတာ ဂျိမ်း(စ) (Mr. James) ကစာလုံးပေါင်း တစ်ခုမှားနေသည်ကို ပြင်ဆင်ရန်အသိပေးသည်။ မစ်(စ)ဘလန်း (Ms. Bland) က ပြင်ဆင်ချက်ကို လက်ခံသဘောတူရန် အဆိုပြု ခဲ့ပြီး၊ မစ်စတာ ဝီလျံ (Mr. Williams)က အဆိုပြုချက်ကို ထောက်ခံကာ အစည်းအဝေးမှတ်တမ်း အဆိုပြုတင်ပြ ချက်များကို တညီတညွတ်တည်း သဘောတူထောက်ခံခဲ့ ကြသည်။

<u>**ဆွေးနွေးရမည့်ကိစ္စများ-**</u>

**က။ မေးခွန်းများနှင့် အလေးထားစရာများ**

- မစ်စတာအောင် (Mr. Aung) ကဖုံ ၂၁၅ ကိစ္စသတင်းဖြတ်နှင့် ပြောဆိုချက်များနှင့် ပတ်သက်သည် များကို ဖြန့်ဝေခဲ့သည်။ မစ်စတာဒီဇွန် (Mr. Dixon) ကသူနှင့် သူ့လက်ထောက်ဒါရိုက်တာများက ယင်းဆောင်းပါးကို သတိပြုမိကြောင်း ဖြေကြားခဲ့သည်။ လူ့စွမ်းအားအရင်းအမြစ် ဌာနက တင်ပြ ထားသည့် ကိစ္စများမှ စတင်သည့် လုပ်ငန်းစဉ်များကို လိုက်နာသင့်ကြောင်း ကော်မတီကို ၎င်းက သတိပေးခဲ့သည်။ အောက်ပါမန်နေဂျာများ ဖြစ်ကြသော မစ်စတာဒီဇွန် (Mr. Dixon)၊ မစ်(စ)ဝူး (Ms. Wu)၊ လူ့စွမ်းအားအရင်းအမြစ် ဌာန၊ မစ်(စ)ဂရေး (Ms. Grey) တို့၏ ဖော်ပြသည့် အတိုင်း ဖြစ်သည်။ ဒါရိုက်တာနှင့် လက်ထောက်ဒါရိုက်တာတို့က ယင်းအဖြစ်များကို သတိထားကြပြီး ဆောင်းပါးကို ပုံနှိပ်မထုတ်ဝေခင်က စုံစမ်းစစ်ဆေးနေဆဲ ဖြစ်သည်။ အယောက်စီတိုင်းနှင့်

DRAFT

ပတ်သက်ပြီး လက်ထောက်ဒါရိုက်တာက တစ်ယောက်ချင်းစီကို ပြောကြားခဲ့သည်။ သတင်းစာမှ သတင်းပေးပို့ချက်ကို ကျောင်းသားများ ပါဝင်ကူညီခဲ့သည်။ မစ်စတာဒီဇွန်(Mr. Dixon) က လျှို့ဝှက်မှုများက နောက်ထပ်သတင်း အချက်အလက်များ ဖြန့်ဝေခြင်းကို တားမြစ်ကြောင်း တင်ပြခဲ့သည်။ ဆက်လက်ပြီး ဆွေးနွေးခဲ့သည်။ မစ်စတာ ဖရဲလေး (Mr. Fraley) က ယခင်က စီမံခန့်ခွဲမှုကြောင့် ဝန်ထမ်းများက ဖြစ်ပျက်ပုံများစွာကို ပြောဆိုရန် ကြောက်ရွံ့ကြကြောင်း တင်ပြခဲ့သည်။ မစ်စတာ ဝီလျှံ (Mr. Williams) က  လုပ်ငန်းလုပ်ကိုင်မှု အဆင်ပြေချောမွေ့စေရန် လုပ်ငန်းစဉ်တွင် ပြင်ဆင်မှုများ ပေါ်ပေါက်ရမည်ဖြစ်သော်လည်း ယင်းကအချိန်ယူရမည်ဟု တင်ပြခဲ့သည်။ မစ်စတာ ဂျိမ်း(စ) (Mr. James) က "ယင်းကကောင်းမွန်သည့် ပြုမူပုံဖြစ်လာရန် မျှော်လင့်ကြောင်း" တင်ပြခဲ့သည်။ မစ်စတာ ဖရဲလေး (Mr. Fraley) က ယင်းသည် ဝန်ထမ်းများ အတွက် စိုးရိမ်စရာတစ်ခုအဖြစ် တည်ရှိနေမည်ဟု တင်ပြခဲ့သည်။

**ခ။ အဖွဲ့ ၁ လေ့လာဆန်းစစ်မှု ဖြန့်ဝေခြင်း နောက်ဆုံးအခြေအနေ**

- လေ့လာဆန်းစစ်မှုများကို နိုဝင်ဘာ ၁၅ ရက်၊ ၂၀၁၂၊ ကြာသပတေးနေ့တွင် ဖြန့်ဝေပြီး မစ်(စ) ခရစ်(စ)တီ (Ms. Christy) ထံသို့ နိုဝင်ဘာ ၂၀ ရက်၊ ၂၀၁၂၊ အင်္ဂါနေ့ မတိုင်မီ ပြန်ပို့ပေးရန် အချိန်သတ်မှတ်ခဲ့သည်။

**ဂ။ အဖွဲ့ ၃ သုံးသပ်မှုအတွက် ထပ်လုပ်မည့် စကားလုံးကဒ်များ**

- မစ်စတာအောင် (Mr. Aung) က ဇုံတစ်ခုစီတွင် ပြမည့် ပိုစတာပုံစံကို တင်ပြခဲ့သည်။ ပိုစတာတွင် အင်္ဂလိပ်စာအပြင် မြန်မာ၊ ကရင်နှင့် စပိန်ဘာသာဖြင့် ဘာသာပြန်ထားသည့် စကားလုံးများ ပါဝင်သည်။ မစ်စတာအောင် (Mr. Aung) က အဖွဲ့ကို အသံထွက်များ ကူညီပေးခဲ့သည်။ တက္ကသိုလ် ပုံနှိပ်ဌာနမှ နောက်ဆုံးအဆင့် ပိုစတာများကို စစ်ဆေးပြီး လေးလံသည့် ပိုစတာစင် အဖြစ်နှင့် ကြာရှည်ခံရန် ပလတ်စတစ်လောင်းရန် ဆုံးဖြတ်ခဲ့သည်။

**ဃ။ အဖွဲ့ ၃ အတွက် လေ့လာဆန်းစစ်မှုများ စုစည်းမှုကို အိမ်နေရာထိုင်ခင်းထိန်းသိမ်းရေးက ထောက်ပံ့ပေးခြင်း**

- မစ်စတာ ဝီလျှံ (Mr. Williams) က ဘာသာပြန်လိုအပ်သည့် မြန်မာဘာသာစကားကလွဲပြီး အခြားမှတ်ချက်အားလုံးကို မှတ်သားထားကြောင်း ပြောကြားခဲ့သည်။

<u>**လုပ်ငန်းအသစ်-**</u>

**က။ ကျန်သည့်အစည်းအဝေးများအတွက် အစီအစဉ်**

နောက်လာမည့်အစည်းအဝေးအား ဒီဇင်ဘာလ ၆ ရက် ၊ ၂၀၁၂ ခုနှစ် ၊ ကြာသပတေးနေ့ နံနက် ၇း၃၀ ၌ပြုလုပ်ကျင်းပသွားမည် ဖြစ်သည်။

နံနက် ၉း၀၀ တွင် အစည်းအဝေးကို ရပ်နားလိုက်သည်။

DRAFT